လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း

၁၃၇၄ ခုနှစ်၊ လ ရက်

(၂၀၁၂ ခုနှစ်၊ လ ရက်)

နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉(ဂ)၊ ပုဒ်မခွဲ (ခ)အရ တာဝန်မှပြန်လည်ရုပ်သိမ်းလိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၇ အရ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) **လွှတ်တော်**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -

(၁) ပြည်သူ့လွှတ်တော်၊

(၂) အမျိုးသားလွှတ်တော်၊

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ လွှတ်တော်တစ်ရပ်ရပ်သို့ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာမဲဆန္ဒနယ်**ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်း တစ်ရပ်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့်အညီ သတ်မှတ် ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်ကို ဆိုသည်။

(င) **မူလမဲစာရင်း**ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲက အတည်ပြုထားသော မဲဆန္ဒရှင် စာရင်း ကိုဆိုသည်။

(စ) **မူလမဲဆန္ဒရှင်များ**ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲကအတည်ပြုထားသော မူလမဲစာရင်းပါ ဆန္ဒမပေးပို့ခွင့် ရှိသူများကို ဆိုသည်။

အခန်း (၂)
လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း

၃။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ရန် အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမပေးပို့ခွင့်ရှိသူများက ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရွေးကောက် တင်မြှောက်လိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခံရသူ ဖြစ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များအားစိစစ်ရန် ဖွဲ့စည်းထားသော ကော်မတီက စိစစ်အတည်ပြုပြီးခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်း မပြုရသေးပါက သဘာပတိ၏ရွေးမှောက်၌ လည်းကောင်း၊ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးပါက ဥက္ကဋ္ဌ၏ ရွေးမှောက်၌လည်းကောင်း နောက်ဆက်တွဲ(က)ပါအတိုင်း ကတိ သစ္စာပြု၍ လက်မှတ်ရေးထိုးပြီးခြင်း။

အခန်း(၃)
တာဝန်များ။ လုပ်ပိုင်ခွင့်များ။ ကျင့်ဝတ်နှင့်စည်းကမ်းများ

တာဝန် များ

၄။ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ် စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြည်ထောင်စု၏အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိခံစားနိုင်ရေးကို ရှေးရှု ဆောင်ရွက်ခြင်း၊

(င) လွှတ်တော်ကဖေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

လုပ်ပိုင်ခွင့်များ

၅။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဥပဒေ ကြမ်းများ တင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင်တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့အစည်း များနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်း ချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်း များတွင် လွှတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်ကတင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း။

ကျင့် ဝတ်နှင့် စည်းကမ်းများ

၆။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်ခြံရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကွန်ပင် ထမ်းဆောင်ပေးခြင်းဖြစ်သော တာဝန်ဝတ္တရားများကိုဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်း ဖြစ်ပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဥပဒေ ကြမ်းများ တင်သွင်းခြင်း၊ အဆိုများ၊ မေးခွန်းများ၊ ဆွေးနွေးခြင်း၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင်တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့အစည်း များနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်း ချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်း များတွင် လွှတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်ကတင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း။

ကျင့် ဝတ်နှင့် စည်းကမ်းများ

၆။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်ခြံရေးတို့ကို လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေ များပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာ မြမူ မြောဆို ဆက်ဆံနေထိုင်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားမြူ၍ ကိုယ်ကျိုးရှာမှု လာဘ်ပေး လာဘ်ယူမှုနှင့် ဒြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း။

အခန်း(၄)
တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က)အရ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်-

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့်သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(င) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

၈။ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်း တို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက် သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုဒ်မ ၈ ပါ တိုင်တန်းချက်ကို ရရှိသည့်အခါ ကော်မရှင်အဖွဲ့ဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးစေရမည်။

၁၀။ ပုဒ်မ ၉ အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) ပုဒ်မ ၈ ပါအတိုင်း မဲဆန္ဒရှင်အနည်းဆုံး တစ်ရာခိုင်နှုန်းက တိုင်တန်း ခြင်း ဟုတ်မဟုတ် ဦးစွာစစ်ဆေးရမည်။

(ခ) တိုင်တန်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်သည် ပုဒ်မ ၇ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ မရှိ ကို တည်ဆဲဥပဒေများ နှင့်အညီ စုံစမ်းစစ်ဆေးရမည်။

(ဂ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း ခေျပခွင့်ပေးရမည်။

(ဃ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါဝင်သည့် အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရ မည်။

၁၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုဒ်မ ၁၀ အရတင်ပြသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကိုစိစစ်ပြီးနောက် ကော်မရှင်အဖွဲ့ဝင်အားလုံး၏ ဆုံးဖြတ်ချက်ဖြင့် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိုင်တန်းချက်ကို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းက တိုင်ကြားခြင်းမဟုတ်ကြောင်း တွေ့ရှိလျှင် တိုင်တန်းချက်ကို ပယ်ရမည်။

(ခ) စွပ်စွဲချက်သည် မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိလျှင်သော် လည်းကောင်း၊ ပုဒ်မ ၇ ပါ တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်သည့် အကြောင်းတစ်ရပ်ရပ်နှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိလျှင်သော် လည်းကောင်း တွေ့ရှိလျှင် တိုင်တန်းချက်ကို ပယ်ရမည်။

(ဂ) စွပ်စွဲချက်သည်မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်နိုင် မသင့်ကြောင်း သဘောရလျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၆ ပုဒ်မခွဲ (ခ) အရ၊ သက်ဆိုင်ရာ မဲဆန္ဒရှင်များက ယင်းလွှတ်တော် ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်ရန်အလို့ငှာ သတ်မှတ်ထားသည့် နည်းလမ်းများ နှင့်အညီ မဲပေးဆုံးဖြတ်စေရ မည်။

၁၂။ မဲပေးရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲစာရင်းပါ သက်ဆိုင်ရာ မဲဆန္ဒရှင်များကသာ ဆန္ဒမဲပေးပို့ခွင့်ရှိရမည်။ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲစာရင်း တွင် မပါဝင်သော မဲဆန္ဒရှင်စာရင်းအသစ်ကို မူလမဲစာရင်းတွင် ထပ်မံထည့်သွင်း ပြီး ဆန္ဒမဲပေးခြင်း မပြုရ။

၁၃။ အောက်ပါ သက်ဆိုင်ရာမဲဆန္ဒရှင်များ၏ အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရမည် -

(က) ကွယ်လွန်သွားပြီးဖြစ်သည့် မဲဆန္ဒရှင်များ၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒနယ်မှ အခြားမဲဆန္ဒနယ် တစ်နယ်သို့ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်စေရ နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးမည့်ပုံစံ (၁၀) သို့မဟုတ် ပုံစံ (၉၀/၁/နေဝ) နှင့်အတူ ပြောင်းရွှေ့နေထိုင်သည့် မဲဆန္ဒရှင်များ၊

(ဂ) သက်ဆိုင်ရာရွေးကောက်ပွဲဝင်ခွင့်ရှိသည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းချက်နှင့် ငြိစွန်းသည့် မဲဆန္ဒရှင်များ၊

၁၄။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း သို့မဟုတ် မရုပ်သိမ်းကြောင်းကို မဲပေးဆုံးဖြတ်ရာတွင် လာရောက်ဆန္ဒမဲပေးကြသည့် သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ အတည်ပြုရမည်။

၁၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာမဲဆန္ဒရှင်များ၏ အတည် ပြုချက်နှင့်အညီ -

(က) တိုင်ကြားခံရသူ လွှတ်တော်ကိုယ်စားလှယ်သည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း အတည်ပြုခြင်းခံရလျှင်၊ ယင်းသို့တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ကို ကြေညာရမည်။

(ခ) တိုင်ကြားခံရသူ လွှတ်တော်ကိုယ်စားလှယ်သည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း မရှိ ကြောင်း အတည်ပြုခြင်းခံရလျှင်၊ ယင်းသို့ တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်းကို ကြေညာရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ ကြေညာချက်များကို နိုင်ငံတော်ပြန်တမ်း တွင် ထည့်သွင်းကြေညာရမည်။

(ဃ) ပုဒ်မခွဲ (က)နှင့် (ခ) ပါ ကြေညာချက်များကို သက်ဆိုင်ရာ လွှတ်တော်ရုံးသို့ ပေးပို့အကြောင်းကြားရမည်။

၁၆။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာသည့် နေ့ရက်မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသည်။

အခန်း(၅)
အထွေထွေ

၁၇။ ပုဒ်မ ၉ အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာ တွင် -

(က) လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ် များထံမှ ရယူနိုင်သည်။

(ခ) အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယုံကြည် ယူဆသော ပုဂ္ဂိုလ်များကို ဆင့်ဆို၍ စစ်ဆေးနိုင်သည်။

(ဂ) လိုအပ်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း အခြားဒေသ တွင်လည်း သွားရောက်၍စုံထိုင်စစ်ဆေးနိုင်သည်။

၁၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေအရတာဝန်မှ ပြန်လည်ရုပ်သိမ်းခံရခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် ဥပဒေနှင့်အညီ အစားထိုးရွေးချယ်တင်မြှောက်ခွင့်ရှိသည်။

၁၉။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေအရ တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းခံရပါက ယင်းလွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာလွှတ်တော် က ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့တွင် တာဝန်ပေးအပ်ထားခြင်းမှလည်း ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

နောက်ဆက်တွဲ(က)

လွှတ်တော်ကိုယ်စားလှယ်/ သဘာပတိ
ကတိသစ္စာပြုချက်
[ဥပဒေ ၃ (ဂ)]

" ကျွန်ုပ် ..... သည် လွှတ်တော်ကိုယ်စားလှယ်/ သဘာပတိအဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်ခြံရေး တို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ် ထမ်းဆောင်ပေးခြင်းဖြစ်သော တာဝန်ဝတ္တရားများကိုဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"